# အမေရိကန် ပြည်ထောင်စု၊ အလုပ်သမားရေးရာ ဝန်ကြီးဌာန
# နိုင်ငံတကာ အလုပ်သမားရေးရာ ဗျူရို
# ကလေးလုပ်သား၊ အတင်းအကျပ် အလုပ်ခိုင်းစေခြင်း နှင့် လူကုန်ကူးခြင်းဆိုင်ရာ ရုံး

## အုပ်ချုပ်ရေး အထူးအမိန့်စာ အမှတ် ၁၃၁၂၆
## အတင်းအကျပ်ဖြစ်စေ၊ ကျွန်သဖွယ် လုပ်ခမဲ့ ကလေးလုပ်အား အသုံးပြု၍ ဖြစ်စေ ထုတ်လုပ်သော ထုတ်ကုန်များစာရင်း

*ဒီဇင်ဘာလ ၂ ရက်၊ ၂၀၁၄ ခုနှစ်မှ စတင်၍*

## မြန်မာနိုင်ငံ

### ဝါး

အသက် ၁၀-နှစ်တိုင်အောင် ငယ်ရွယ်သည့် ကလေးများကို မြန်မာနိုင်ငံ ဝါးထုတ်လုပ်ရေးတွင် အတင်းအကျပ် ခိုင်းစေကြောင်း အစီရင်ခံစာများ ရှိနေသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) နှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်း (အဲန်ဂျီအို) များ၏ အဆိုအရ၊ အတင်းအကျပ် ကလေးလုပ်အား ခိုင်းစေခြင်းသည် မြန်မာနိုင်ငံတွင် အကျယ်အပြန့် ရှိနေကြောင်း၊ အထူးသဖြင့် ကရင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်များတွင် စစ်စခန်းများအနီး၌ ဖြစ်ပေါ်နေပြီး၊ ဝါးထုတ်လုပ်ရေး အပါအဝင် အမျိုးစုံသောလုပ်ငန်းများအတွက် အတင်းအကျပ်ခိုင်းစေသည့် လုပ်အားကို ကလေးများထံမှ ၄၀ ရာခိုင်နှုန်းတိုင် ရယူနေကြကြောင်း သိရသည်။ စစ်တပ်က လိုအပ်သည့် အတင်းအကျပ်လုပ်အားကို ဖြည့်ဆည်းပေးရန် ကျေးရွာတစ်ရွာရှိ အိမ်တိုင်းသို့ ချပေးသည့်တာဝန်အတွက်၊ ယင်းကလေးအချို့ကို သူတို့၏ မိဘများက စေလွှတ်ခဲ့ကြခြင်း ဖြစ်သည်။ ကလေးများ အပါအဝင် ကျေးရွာလူထုများကို ဒေသခံ အရာရှိများနှင့် စစ်တပ်က စစ်စခန်းများအတွက် ဝါးခုတ်ပေးရန် အတင်းအကျပ် ခိုင်းစေကြသည်။ အတင်းအကျပ်ခိုင်းစေခံရသည့် ကလေးလုပ်အားအတွက် အခကြေးငွေ မပေးဘဲ၊ အလုပ်လုပ်ရန် ငြင်းပယ်လျှင် ကိုယ်ကာယဆိုင်ရာ အကြမ်းဖက်မှုများ သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းများလည်း တွေ့ကြုံရသည်။

### ပဲများ

မြန်မာနိုင်ငံရှိ ပဲများထုတ်လုပ်ရေးတွင် အသက် ၁၅-၁၇ နှစ်ရှိ ကလေးများသည် အတင်းအကျပ်ခိုင်းစေသည့် အခြေအနေမျိုးအောက်၌ လုပ်ကိုင်နေကြရကြောင်း အစီရင်ခံစာများ ရှိသည်။ အစိုးရမဟုတ်သည့် အဖွဲ့အစည်း (အဲန်ဂျီအို) တစ်ခု၏ လေ့လာမှုအရ ကလေးများနှင့် အရွယ်ရောက်ပြီးသူများကို စစ်တပ်က စစ်စခန်းများအတွက် ပဲများစိုက်ပေးရန်နှင့် ရိတ်သိမ်းပေးရန် အလှည့်ကျ တစ်နှစ်ပတ်လုံး ခိုင်းစေကြောင်း မှတ်တမ်းတင်ထားခဲ့သည်။ ဒေသခံ အရာရှိများနှင့် စစ်တပ်က ဤသို့လုပ်ဆောင်ပေးရန် အမိန့်ပေး ခိုင်းစေသည်။ ကလေးများသည် ဖျားနာလျှင်ပင် အလုပ်လုပ်ပေးရန် ငြင်းပယ်၍ မရကြပါ။

## အုတ်များ

မြန်မာနိုင်ငံရှိ အုတ်ထုတ်လုပ်ရေးတွင် စစ်တပ်က၊ ကလေးများကို အတင်းအကျပ် ခိုင်းစေနေကြောင်း အစီရင်ခံစာများ ရှိနေသည်။ အစိုးရမဟုတ်သည့် အဖွဲ့အစည်း (အဲန်ဂျီအို) များ အဆိုအရ၊ အုတ်ထုတ်လုပ်ရေးတွင် ကလေးလုပ်အား အတင်းအကျပ်ခိုင်းစေနေမှု အကျယ်အပြန့် ရှိနေပြီး၊ အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း နှင့် စစ်စခန်းများအနီးတွင် ဖြစ်သည်။ အချို့သောဖြစ်ရပ်များတွင် ကလေးများကို စစ်တပ်အတွင်းသို့ သိမ်းသွင်းစုဆောင်း၍ စစ်တန်းလျားများတွင် နေစေပြီး၊ အုတ်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အတင်းအကျပ် လုပ်ကိုင်စေသည်။ ကျန်ဖြစ်ရပ်များတွင်၊ ကလေးများကို သူတို့မိသားစုများက စေလွှတ်ခဲ့ကြပြီး၊ သူတို့အိမ်ထောင်စုများအပေါ် ချမှတ်သည့် အတင်းအကျပ် အလုပ်ခိုင်းစေမှု အလှည့် ကျတာဝန်ကို ဖြည့်ဆည်း လုပ်ဆောင်ပေးရန် ဖြစ်သည်။ ကလေးလုပ်အားအတွက် အခကြေးငွေ မပေးဘဲ၊ အလုပ်လုပ်ရန် ငြင်းပယ်ပါက သို့မဟုတ် ထုတ်လုပ်ရေးလုပ်ငန်းတွင် အရည်အသွေးမမီဟု ဆုံးဖြတ်လျှင်၊ ကိုယ်ကာယဆိုင်ရာ အကြမ်းဖက်မှုများနှင့် အခြားသော ပြစ်ဒဏ်ပေးခြင်းများလည်း တွေ့ကြုံရသည်။

## ဆန်

မြန်မာနိုင်ငံရှိ ဆန်ထုတ်လုပ်ရေးတွင် အသက် ၉ နှစ်တိုင် ငယ်ရွယ်သည့် ကလေးများကို အတင်းအကျပ် ခိုင်းစေနေကြောင်း အစီရင်ခံစာများ ရှိနေသည်။ အစိုးရမဟုတ်သည့် အဖွဲ့အစည်း (အဲန်ဂျီအို) များ အဆိုအရ၊ ကလေးများ အပါအဝင် ကျေးရွာလူထုများကို စစ်စခန်းများအတွက် စပါးစိုက်ပျိုးပေးရန်၊ ရိတ်သိမ်းပေးရန် အတင်းအကျပ် ခိုင်းစေခံကြရသည်။ စပါးစိုက်ပျိုးရေးလုပ်ငန်းမှာ မိုးရာသီတွင်သာ ရှိသော်လည်း၊ ဤကလေးများမှာ တစ်နှစ်ပတ်လုံး အလှည့်ကျ စစ်တပ်အတွက် လုပ်အားပေးရန် အတင်းအကျပ် ခိုင်းစေခံရသည်။ ဒေသခံအရာရှိများနှင့် စစ်တပ်များက၊ အမိန့်ထုတ်၍ ခိုင်းစေကြပြီး၊ လုပ်သားများမှာ ဖျားနာလျှင်ပင် အလုပ်လုပ်ပေးရန် ငြင်းပယ်၍ မရပေ။ အတင်းအကျပ်ခိုင်းစေခံရ သည့် ကလေးလုပ်အားအတွက် အခကြေးငွေ မပေးဘဲ၊ သူတို့၏ အလုပ်မှာ အရည်အသွေး မပြည့်မီဟု သတ်မှတ်ခံရပါက၊ ကလေးများ ရိုက်နှက်ခံကြရသည်။

## ရာဘာ

မြန်မာနိုင်ငံရှိ ရာဘာထုတ်လုပ်ရေးတွင် အသက် ၉ နှစ်တိုင် ငယ်ရွယ်သည့် ကလေးများကို အတင်းအကျပ် ခိုင်းစေနေကြောင်း အစီရင်ခံစာများ ရှိနေသည်။ အစိုးရမဟုတ်သည့် အဖွဲ့အစည်း (အဲန်ဂျီအို) များ၏ အစီရင်ခံစာများအရ၊ ကလေးများ အပါအဝင် ကျေးရွာလူထုများကို ရာဘာပင် ပျိုးခင်းများတွင် စိုက်ပျိုးပေးရန်၊ စစ်စခန်းများရှိ ရာဘာစိုက်ခင်းများတွင် လုပ်ကိုင်ပေးရန် အတင်းအကျပ် ခိုင်းစေခံရသည်။ ဒေသခံအရာရှိများနှင့် စစ်တပ်များက၊ အမိန့်ထုတ်၍ ခိုင်းစေသည်။ အတင်းအကျပ်ခိုင်းစေခံရသည့် ကလေးလုပ်အားအတွက် အခကြေးငွေ မပေးဘဲ၊ အလုပ်လုပ်ရန် ငြင်းပယ်ပါက ကိုယ်ကာယဆိုင်ရာ အကြမ်းဖက်မှုများ သို့မဟုတ် အခြားသော ပြစ်ဒဏ်ပေးခြင်းများလည်း တွေ့ကြုံရသည်။

## ကြံ

မြန်မာနိုင်ငံရှိ ကြံထုတ်လုပ်ရေးတွင် ကလေးများကို အတင်းအကျပ် ခိုင်းစေနေကြောင်း အစီရင်ခံစာများ ရှိနေသည်။ အတင်းအကျပ် လုပ်အားခိုင်းစေမှုကို သထုံခရိုင်တွင် တွေ့ရှိရပြီး၊ အထူးသဖြင့် စစ်စခန်းများနှင့် နီးသည့် ဧရိယာများတွင် ဖြစ်သည်။ အစိုးရမဟုတ်သည့် အဖွဲ့အစည်း (အဲန်ဂျီအို) တစ်ခု၏ လေ့လာမှုအရ ကလေးများအပါအဝင် ကျေးရွာအများမှ လူထုများကို လူဒါဇင်ပေါင်းများစွာ နေ့စဉ် စုစည်းစေ၍ ကြံထုတ်လုပ်ရန် လုပ်အားအများအပြား လိုအပ်သည့်အချိန်များတွင် လုပ်ကိုင်စေသည်။ ကလေးများသည် သစ်ပင်များ ဖြတ်ပေးရခြင်း၊ စိုက်ကွင်းပြင်ဆင်ရန် သစ်မြစ်များ တူးထုတ်ပေးရခြင်း၊ ကြံစိုက်ပျိုးရခြင်း၊ ကြံခုတ်ပြီးနောက် ကြိတ်ခြင်း၊ အရည်ကြိုခြင်းများ လုပ်ဆောင်ပေးကြရသည်။ သူတို့၏ လုပ်ငန်းအတွက် လုပ်ခပေးဆောင်ခြင်း မရှိပါ။

## ကျွန်းသစ်

မြန်မာနိုင်ငံရှိ ကျွန်းသစ်ထုတ်လုပ်ရေးတွင် ကလေးများကို အတင်းအကျပ် ခိုင်းစေကြောင်း အစီရင်ခံစာများ ရှိနေပါသည်။ သထုံခရိုင် ကျွန်းသစ်စိုက်ပျိုးရေးတွင် ကလေးလုပ်အားကို အတင်းအကျပ် အသုံးပြုကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် စစ်စခန်းများနှင့် နီးသည့် ဧရိယာများတွင် ဖြစ်သည်။ အစိုးရမဟုတ်သည့် အဖွဲ့အစည်း (အဲန်ဂျီအို) တစ်ခု၏ လေ့လာမှုအရ ကလေးများ အပါအဝင် ကျေးရွာအများမှ လူထုများကို ပုံမှန်ဆိုသလို စစ်တပ်က စုစည်းပြီး၊ ကျွန်းသစ်နှင့် အခြားသီးနှံများ အတင်းအကျပ်စိုက်ပျိုးစေကြောင်း တင်ပြထားခဲ့သည်။ သူတို့၏ လုပ်အားအတင်းအကျပ် ခိုင်းစေခြင်းအတွက် အခကြေးငွေ မပေးပါ။